ထားဝယ်အမျိုးသမီး သမဂ္ဂ

**Tavoyan Women's Union (TWU)**

**PO Box(176), Mae Sot, Tak ,63110, Thailand.** twu48@yahoo.com


ရက်စွဲ။ ။ ၂၀၁၃ ခုနှစ်၊ မတ်လ (၂၇) ရက်။

# သတင်းထုတ်ပြန်ကြေငြာချက်

## ထားဝယ်ရေနက်ဆိပ်ကမ်း စီမံကိန်း ဆောက်လုပ်ရေးအတွက် ပထမဆုံးအနေဖြင့် ကျေးရွာတစ်ရွာပြောင်းရွှေ့ခိုင်း

ပြီးခဲ့သောအပတ်က ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းအတွက် အိမ်ခြေ ၁၅ လုံးရှိသော တံငါရွာတစ်ရွာကို အတင်းအဓမ္မပြောင်းရွှေ့ခိုင်းခဲ့သော ကျေးရွာအုပ်ချုပ်ရေးမှူး၏ အမိန့်ကြေညာချက်တစ်စောင်ကို ထားဝယ်အမျိုးသမီးသမဂ္ဂမှ လက်ခံရရှိခဲ့သည်။

မတ်လ ၂၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် ၎င်းကြေညာချက်တွင် ချာခမ်းကမ်းခြေကျေးရွာအနေဖြင့် ၃ ရက်အတွင်း ပြောင်းရွှေ့ပေးရမည်၊ မပြောင်းရွှေ့ပါက တရားစွဲဆိုခြင်းခံရမည်ဟု ရေးသားထားပါသည်။ သို့သော် ငါးဖမ်းခြင်းဖြင့် အဓိက အသက်မွေးဝမ်းကြောင်းပြုနေကြရသော အဆိုပါကျေးရွာမှ ရွာသားအများစုမှာ ပြောင်းရွှေ့ရန် ငြင်းဆန်နေခဲ့သည်။

လူဦးရေ ၃၀,၀၀၀ ကျော် အိုးမဲ့အိမ်မဲ့ဖြစ်သွားမည့် ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန်စီမံကိန်းအတွက် ချာခမ်းကျေးရွာသည် ပထမဆုံးပြောင်းရွှေ့ခိုင်းခြင်းခံရသော ရွာဖြစ်လာသည်။ ထိုရွာရှိ ရွာသူရွာသားများသည် လျော်ကြေးမရရှိဘဲ အတင်းအဓမ္မ ပြောင်းရွှေ့ခိုင်းခြင်းကို ခံနေရခြင်းဖြစ်သည်။ ဒေသခံရွာသားများသည် ဆင်းရဲကြသူများဖြစ်ကြပြီး နွေရာသီတွင် ငါးဖမ်းခြင်းဖြင့် အသက်မွေးကာ မိုးရာသီတွင် အခြားနေရာများသို့ သွားရောက်၍ အလုပ်လုပ်ကိုင်ကြပါသည်။

ရွာသူရွာသားများအနေဖြင့် ထိုနေရာတွင် အနှစ် ၂၀ ကျော် နေထိုင်ခဲ့ပြီးဖြစ်သော်လည်း အမိန့်ထုတ်ပြန်သူ ထိန်ကြီးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးက တည်ဆဲဥပဒေအရ ချာခမ်းကမ်းခြေ ဒေသခံများသည် အမြဲနေထိုင်သူများမဟုတ်ကြောင်း အဆိုပါအမိန့်ကြေညာချက်တွင် ဖော်ပြထားသည်။

"ဒီလောက်ဒေါ်လာ သန်းပေါင်းများစွာနဲ့ ရင်းနှီးမြှုပ်နှံထားတဲ့ စီမံကိန်းကြီး စပြီးအကောင်အထည်ဖော်နေတဲ့ အချိန်မှာတောင် ဆင်းရဲနွမ်းပါးဆုံးဖြစ်တဲ့ ချာခမ်းဒေသခံတွေရဲ့ အနာဂါတ်ကို လုံးဝထည့်တွက် ငဲ့ညှာခြင်းမရှိဘဲ ဆက်လက်လုပ်နေတာကိုတော့ ကျမ တကယ်အံ့သြတယ်" ဟု ထားဝယ်အမျိုးသမီးသမဂ္ဂမှ မစုစုဆွေက ပြောပါသည်။

"ဒါဟာ ဒီစီမံကိန်းကြောင့် ဒေသခံတွေ ဘာပဲဖြစ်ဖြစ် မဖြစ်မနေ ဆက်လုပ်မယ်ဆိုတာကို ဖော်ပြလိုက်တာပဲ။ ဒီစီမံကိန်းဟာ တရားမျှတမှု လုံးဝမရှိဘူး။ ဒေသခံတွေရဲ့ သဘောတူညီမှုလည်း မရှိဘူး။ ပြီးတော့ ဌာနေတိုင်းရင်းသားတွေရဲ့ အခွင့်အရေးကိုလည်း ချိုးဖောက်နေတယ်" ဟု သူမက ဆက်ပြောသည်။

ထားဝယ်ရေနက်ဆိပ်ကမ်းကို မြန်မာအစိုးရနဲ့ ထိုင်းအစိုးရတို့ ၂၀၀၈ ခုနှစ်က သဘောတူညီမှုမှ ရရှိပြီး ၂၀၁၀ ခုနှစ်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်နေကြသည်။ ၎င်းစီမံကိန်းကို ၇၅ နှစ်ခန့်အကြာ တည်ရှိမည့် ရေနက်ဆိပ်ကမ်းနှင့် လမ်းပန်းဆက်သွယ်ရေး လုပ်ငန်းများကို အီတလီယံထိုင်း(ITD) ကုမ္ပဏီမှ အဓိကဆောက်လုပ်ပိုင်ခွင့် ရရှိထားပါသည်။


*ဆက်သွယ်ရန် -*

မစုစုဆွေ
အထွေထွေ အတွင်းရေးမှူး
(ဖုန်း +၆၆၈ ၂၇၄၄ ၃၀၄၅)

မလွင်လွင်လှိုင်
တွဲဘက် အထွေထွေ အတွင်းရေးမှူး (၁)
(ဖုန်း +၉၅၉ ၄၅၀၉၉ ၄၉၈၀)